# မက်ဂဝေး

Lesley Koyi
Wiehan de Jager
Naw Thazin Hpway
5
မြန်မာဘာသာ my

အိမ်ရဲ့ ဂရုစိုက်မှုအဝေး နိုင်ရိုဘီဆိုတဲ့ မြို့ကြီးအတွင်းမှာ အိမ်ခြေရာမဲ့ကောင်လေးတစ်အုပ် နေထိုင်ကြပါတယ်။ သူတို့ဟာ နေ့ရက်တိုင်းကို ကျြိုပြီးနေထိုင်ရပါတယ်။ တစ်မနက်မှာ အေးလွန်းတဲ့ ပလပ်ဖောင်းပေါမှာအိပ်ပြီးတဲ့နောက်သူတို့ဖျာကိုသိမ်းကြပါတယ်။ အအေးဒဏ်ကို ခံနိုင်ဖို့ အမိုက်တွေကိုမီးရှို့ပါတယ်။ အဲ့ဒီကောင်လေးအဖွဲ့မှာအငယ်ဆုံးကတော့ မက်ဂဝေးဖြစ်ပါတယ်။

မက်ဂဝေးရဲ့မိဘတွေဆုံးသွားတော့ သူဟာ အသက် ၅နှစ်ဘဲ ရှိသေးပါတယ်။ သူဟာသူ့ဦးလေးနဲ့သွားနေပါတယ်။ အဲ့ဒီလူကြီးဟာကလေးကိုဂရုမစိုက်ပါဘူး။ မက်ဂဝေးကိုလည်း အစားအစာတွေလုံလောက်အောင်မပေးပါဘူး။ ကောင်လေးကိုလည်း အလုပ်တွေ အများကြီးလုပ်ခိုင်းပါတယ်။

အကယ်၍ မက်ဂဝေးက ပြန်ရှင်းပြတာတို့ ပြန်ပြောင်းခဲ့တာတို့ဆို သူ့ရဲ့ဦးလေးက ရိုက်ပါတယ်။ မက်ဂဝေးက ကျောင်းတက်ချင်ကြောင်းပြောတဲ့အခါ သူ့ဦးလေးက ရိုက်နှက်ပြီး “နင်ဟာ စာသင်ဖို့ ညံ့ဖျင်းလွန်တယ်။” လို့ပြောပါတယ်။ သုံးနှစ်လောက် ထိုကဲ့သို့ဆက်ဆံခံရပြီးနောက် မက်ဂဝေးဟာ သူ့ရဲ့ ဦးလေးဆီကနေ ထွက်ပြေးသွားပါတယ်။ သူဟာ လမ်းပေါ်မှာစနေပါတယ်။

လမ်းမပေါကဘဝဟာ ခက်ခဲပြီးကြောင်လေးအများစုဟာ အစားအစာစားရဖို့နေ့စဉ်ရှုန်းကန်ရပါတယ်။ တစ်ခါတစ်ရံသူတို့ဟာ ရိုက်နက်ခံရပြီးတစ်ခါတစ်ရံသူတို့ဟာ အဖမ်းခံရပါတယ်။ သူတို့ဖျားနာနေတဲ့အချိန်အခါတိုင်း ကူညီမယ့်သူ မရှိခဲ့ပါဘူး။ အဲ့ဒီအဖွဲ့ဟာ တောင်းရမ်းပြီးတော့ရလာတဲ့ငွေ၊ ပြန်လည်အသုံးချလို့ရမယ့်ပစ္စည်းနဲ့ပလတ်စတစ်တွေရောင်းရငွေတွေအပေါ်မှာဘဲမှီခိုနေပါတယ်။ မို့ကြိုထိန်းချုပ်ချင်နေတဲ့ အခြဥ်းပြိုင်ဘက်အဖွဲ့နဲ့ ရန်ဖြစ်မှုတွေကလည်း သူတို့ရဲ့ဘဝကို ပိုပြီးခက်ခဲလာစေပါတယ်။

တစ်နေ့မှာ မက်ဂဝေးဟာ အမှိုက်ပုံထဲမှာ ရှာဖွေနေတဲ့အခါမှာ ဟောင်းပြီးနွမ်းနေတဲ့ ပုံပြင်စာအုပ်တစ်အုပ်ကို တွေ့ရှိလိုက်ပါတယ်။ နေတိုင်း သူဟာ ဟာအုပ်ကိုထုတ်ပြီးပုံတွေကို ကြည့်ပါတယ်။ စာတွေကိုတော့ သူဘယ်လိုဖတ်ရမလဲမသိပါဘူး။

ပုံပြင်ထဲမှာ လေယာဉ်မောင်းသမားဖြစ်သွားတဲ့ ကောင်လေး တစ်ယောက်အကြောင်းပြောထားပါတယ်။ မက်ဂဝေးဟာ လေယာဉ်မောင်းသမားတစ်ဦးဖြစ်ချင်ပါတယ်။ တစ်ခါတစ်ရံ သူဟာ ပုံပြင်ထဲက ကောင်လေးအဖြစ် စိတ်ကူးယဉ်ပါတယ်။

အရမ်းအေးတဲ့တစ်ရက်မှာ မက်ဂဝေးဟာ လမ်းပေါ်မှာထပြီး
တောင်းစားနေပါတယ်။ လူကြီးတစ်ယောက်ဟာ သူ့ဆီကို
လျှောက်လာပြီး "ဟယ်လို၊ ဦးက သောမတ်စ်ပါ။ ဦးကဒီနား
မှာအလုပ်လုပ်ပါတယ်။ အဲ့ဒီနေရာမှာ သားတစ်ခုခုစားလို့ရ
ပါတယ်။" လို့ပြောလိုက်ပါတယ်။ သူဟာ ခေါင်မိုးအပြာရော
င်နဲ့ အိမ်ကိုညွှန်ပြလိုက်ပါတယ်။ သူက "အဲ့ဒီကိုသွားပြီးအ
စားသောက်တွေစားကမြလား" လို့မေးလိုက်ပါတယ်။ မက်ဂ
ဝေးက ထိုလူကြီးကိုကြည့်ပြီးအိမ်ကိုလည်းထပ်ကြည့်ကာ
"စားရင်စားပါမယ်"လို့ပြောပြီးထွက်သွားပါတယ်။

တစ်လအကြာမှာ အိမ်ခြေရာမဲ့ကောင်လေးတွေဟော သော်မတ်စ်ကို ခနခနမကြာတွေ့ဖြစ်များလာပါတယ်။ သူဟာ လမ်းပေါ်မှာရှိတဲ့ လူတွေနဲ့ စကားပြောရတာကိုကြိုက်ပါတယ်။ သူဟာ စိတ်ရင်းမှန်ပြီး စိတ်ရှည်တဲ့သူတစ်ဦးဖြစ်ပြီသလို ရိုင်းပြပြီး စော်ကားတာမျိုး ဘယ်တုန်းကမှမရှိခဲ့ပါဘူး။ နေ့လည်ခင်းတွေမှာ ကောင်လေးအချို့ဟာ ခေါင်မိုးအပြာနဲ့အိမ်ကို သွားပြီး အစားအစာတွေ စတင်သုံးဆောင်ကြပါတယ်။

မက်ဂဝေးဟာ ပလပ်ဖောင်းပေါ်မှာထိုင်ပြီး ပုံတွေကြည့်နေတဲ့ အချိန်မှာ သောမတ်စ်ဟာ သူ့နားမှာထိုင်ပြီး “ပုံပြင်လေးက ဘာအကြောင်းလဲ” လို့ သောမတ်စ်က မေးလိုက်ပါတယ်။ မက်ဂဝေးက “လေယာဉ်မောင်းသမားဖြစ်လာတဲ့ ကောင်လေးတစ်ယောက်အကြောင်းပါ။ လို့ မက်ဂဝေးက ပြန်ဖြေလိုက်ပါတယ်။ သောမတ်စ်က “ကောင်လေးရဲ့နာမည်က ဘယ်လိုခေါ်လဲ” လို့မေးလိုက်ပါတယ်။ မက်ဂဝေးက “ကျွန်တော်မသိဘူး၊ ကျွန်တော်စာမတတ်ဘူး” လို့တိုးတိုးလေးပြောလိုက်ပါတယ်။

သူတို့ဟာတွေ့တိုင်း မက်ဂဝေးဟာ သော်မတ်စ်ကို သူ့ရဲ့ကိုယ်ပိုင်ပုံပြင်တွေပြောပြပါတယ်။ သူဘာကြောင့် သူ့ရဲ့ ဦးလေးဆီကထွက်ပြေးရတဲ့ ပုံပြင်ဖြစ်ပါတယ်။ သောမတ်စ်ဟာ စကားအများကြီးမပြောပါဘူး၊ ပြီးတော့ မက်ဂဝေးကိုလည်း ဘာလုပ်ရမလဲဆိုတာလည်းမပြောပါဘူး။ ဒါပေမယ့် သူဟာ သေချာနားထောင်ပါတယ်။ တစ်ခါတစ်ရံ ခေါင်းမိုးအပြင်လေးနဲ့အိမ်မှာစားသောက်ပြီးစကားပြောကြပါတယ်။

မက်ဂဝေးရဲ့ ၁၀နှစ်ပြည့်မွေးနေ့မှာတော့ သောမတ်စ်ဟာ သူ့ကိုပုံပြင်စာအုပ်အသစ်တစ်အုပ်ပေးပါတယ်။ ပုံပြင်လေးက ရွာလေးတစ်ရွာမှာရှိတဲ့ ကောင်လေးတစ်ယောက် အောင်မြင်တဲ့ဘောလုံးအားကစားသမားဖြစ်လာတဲ့ အကြောင်းဘဲဖြစ်ပါတယ်။ သောမတ်စ်က အဲ့ဒီပုံပြင်လေးကို မက်ဂဝေးအတွက် အကြိမ်ကြိမ်ဖတ်ပြပြီးတစ်နေ့တော့ သူက “သားကျောင်းကိုသွားပြီးစာဖတ်သင်သင့်တဲ့အချိန်ဘဲ။ ဘယ်လိုမြင်သလဲ” လို့ပြောတယ်။ သောမတ်စ်က ကလေးတွေ နေပြီးကျောင်းတက်လို့ရတဲ့နေရာကိုသိတယ်လို့လည်း ရှင်းပြပါတယ်။

မက်ဂဝေးဟာ နေရာအသစ်တစ်ခုအကြောင်းနဲ့ ကျောင်းသွားရမယ့်အကြောင်းကိုတွေးတယ်။ သူ့ရဲ့ဦးလေးပြောသလိုဘဲ ဘာကိုမှသင်ယူတတ်မကြောက်ဖို့ ညှို့ဖျင်းနေရင် ဘယ်လိုလုပ်မလဲ။ နေရာအသစ်မှာသူ့ကို ရိုက်နှက်ကရင်ဘယ်လိုလုပ်မလဲ။ သူကြောက်ရွံ့နေမိခဲ့ပါတယ်။ သူက "လမ်းပေါ်မှာနေတာထက်စာရင်တော့ ပိုကောင်းမှာပါ" လို့တွေးမိလိုက်တယ်။

သူ့ရဲ့ကြောက်ရွံ့စိတ်တွေကို သောမတ်စ်ကို ရင်ဖွင့်ပါတယ်။
အကြိမ်တိုင်းမှာဘဲ လူကြီးက နေရာသစ်မှာ ပိုကောင်းတဲ့ဘဝ
ကို ပိုင်ဆိုင်နိုင်ကြောင်း ကောင်လေးကိုပြောပါတယ်။

အဲ့ဒီနောက်တော့ မက်ဂဝေးဟာ ခေါင်မိုးအစိမ်းနဲ့ အိမ်ရဲ့အခန်းထဲကိုပြောင်းလာပါတယ်။ သူဟာ အခန်းကိုအခြားကောင်လေး ၂ယောက်နဲ့ ပေါင်းနေပါတယ်။ အဲ့ဒီအိမ်မှာ ကလေး ၁၀ယောက်ရှိပါတယ်။ အန်တီကေစီအပါအဝင်သူ့ရဲ့ ယောက်ျား၊ ခွေးသုံးကောင်၊ ကြောင်တစ်ကောင်နဲ့၊ ဆိတ်အိုကြီးတစ်ကောင်ရှိပါတယ်။

မက်ဂဝေးဟာ ကျောင်းစတက်ပြီးအရမ်းကို ခက်ခဲခဲ့ပါတယ်။ လိုက်မှရမယ့်စားတွေလည်း အများကြီးရှိပါတယ်။ တစ်ခါတစ်ရံ သူဟာ အရှုံးပေးချင်ပါတယ်။ ဒါပေမယ့် သူဟာ ပုံပြင်ထဲကလေယာဉ်မောင်းသမားနဲ့ ဘောလုံးအားကစားသမားအကြောင်းတွေပြီနေခဲ့ပါတယ်။ သူတို့လိုဘဲ သူဟာ အရှုံးမပေးခဲ့ပါဘူး။

မက်ဂဝေးဟာ ကျောင်းက ပုံပြင်စာအုပ်တစ်အုပ်ကိုယူပြီး ခေါင်မိုးအစိမ်းလေးနဲ့ အိမ်ရှိတဲ့ ခံထြဲမှာ ထိုင်ဖတ်နေပါတယ်။ သောမတ်စ်ဟာ လာပြီးသူ့အနားမှာထိုင်လိုက်ပါတယ်။ သောမတ်စ်က “ပုံပြင်စာအုပ်လေးက ဘာအကြောင်းလဲ” လို့ မေးလိုက်ပါတယ်။ မက်ဂဝေးက “ကောင်လေးတစ်ယောက် ကျောင်းဆရာတစ်ဦးဖြစ်လာတဲ့အကြောင်းပါ” လို့ဖြေလိုက်ပါတယ်။ သောမတ်စ်က “ကောင်လေးရဲ့နာမည်က ဘာတဲ့လဲ” လို့မေးလိုက်တယ်။ မက်ဂဝေးက အပြုံးလေးနဲ့ “သူ့ရဲ့နာမည်က မက်ဂဝေးပါ” လို့ ဖြေလိုက်ပါတယ်။

# Global Storybooks

globalstorybooks.net

## မက်ဂဝေး

Lesley Koyi
Wiehan de Jager
Naw Thazin Hpway

CC BY